# *HIGHLIGHT QUOTES FROM DVB DEBATE*

27/09/2014

***"Young Professionals: What are their challenges?"***

---

"မြန်မာ့ယဉ်ကျေးမှုမှာက အသက် ၄၀ အထက် လူကြီးတွေကပဲ ခေါင်းဆောင်နေရာရသင့်တယ်၊ အတွေ့အကြုံရှိတယ်လို့ သတ်မှတ်ကြတယ်။ လူငယ်တွေကို အသက်ငယ်တယ်ဆိုပြီး ခေါင်းဆောင်မှုနေရာမပေးကြဘူး။ စီနီယာဦးစားပေး ယဉ်ကျေးမှုတွေကြောင့် လူငယ်တွေရဲ့အသံက မထိရောက်ဘူး။"

နှင်းနုလှိုင် - အကြီးတန်းသုတေသီ (Myanmar Survey Research)

"In Burmese culture, people think leadership positions should only be given to those over 40, and they are the only people regarded as experienced. Young people are being denied any opportunities because of their age. Due to our seniority-dominated culture, the voice of the youth has no effect."

Hnin Nu Hlaing (Senior Research executive, Myanmar Survey Research)

---

"ပညာရေးက လက်တွေ့ကျပြီး ဘဝအတွက် ပြန်အသုံးချလို့ရတဲ့ အခွင့်အလမ်းမရှိဘူး။ ပညာရေးစနစ်ကိုက ပရော်ဖက်ရှင်နယ်ဖြစ်အောင် မွေးထုတ်ပေးနိုင်စွမ်းမရှိတာ။"

တင်မောင်အေး - MyME ရွေ့လျားစာသင်ခန်းစီမံကိန်းတည်ထောင်သူ

"Our education doesn't provide any opportunities to apply what we've learnt practically in real life. This education system can't produce professionals."

Tin Maung Aye (Director, myME [Myanmar Mobile Education Project])

---

" 'သမားဆိုအိုမှ' ဆိုတဲ့ ယဉ်ကျေးမှုက အဓိက ပြဿနာ။ လူကြီးတွေရဲ့ဆုံးဖြတ်ချက်ကို လိုက်ကိုလိုက်နာရမယ် ဆိုတဲ့ ရှေးရိုးစွဲယဉ်ကျေးမှုတွေက လူငယ်တွေအတွက် တကယ့်အခက်အခဲ။"

မင်းနောင်ထော(တိုင်းရင်းသားလူငယ်များကွန်ရက် - ဥက္ကဋ္ဌ)

"Expressions like 'The old doctors are the best' reflect a major problem. Conservative values that demand that the young should always follow the decisions of older people create real obstacles for youths."

Minn Naung Htaw (President- Ethnic Youth Network)

---

"လူငယ်တွေ ပြည်ပကနေ ပညာသင်ပြီးပြန်လာရင်..ဒီပတ်ဝန်းကျင်မှာက ကျမတို့ကို ရန်သူလို ဆက်ဆံချင်ကြတယ်. လိုအပ်ချက်တွေထောက်ပြရင်လည်း ကျမတို့က စကားပြောရိုင်းလာတယ်တို့ ဘယ်လောက်တတ်လို့လဲ ဘယ်လောက်သိလို့လဲဆိုပြီး ပြောကြတာတွေ ရင်ဆိုင်ရတယ်။"

စုပုံချစ်

"When young people come back from studying abroad we are treated like enemies in our home environment. When we point out weaknesses of the society, we're accused of being rude and asked why we think we know everything."

Su Pone Chit

---

"ပညာရေးက ဘောင်သွင်း၊ ဂုတ်ချိုးခံထားရတယ်။ တက္ကသိုလ်တက်မယ်ဆို ဆေးကျောင်းလောက်ပဲ ပရော်ဖက်ရှင်နယ်ဖြစ်တယ်ထင်ကြတော့ လူငယ်တွေမှာက သူတို့ စိတ်ဝင်စားတဲ့ အာသီသရှိတဲ့ ပရော်ဖက်ရှင်နယ်လိုင်းကို ရွေးချယ်မှု မလုပ်နိုင်တော့ဘူး။ အဲလို ပတ်ဝန်းကျင်ကိုက ပြဿနာ။"

ခင်စန္ဒာညွန့်(လူငယ်ဖိုရမ်များဦးစီးကျင်းသူတဦး)

"The education system is restrictive. When young people choose a major at university, most think only Medical School will lead to a professional career, and no one chooses their major based on their own desires. This kind of environment is the problem."

Khin Sandar Nyunt (Myanmar Youth Forum)

---